သာစည်ကျေးရွာ

ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သာစည်ကျေးရွာ၊ ကလေးမြို့နယ်

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၉ခုနှစ်၊ ဇွန်လ

မာတိကာ

စာမျက်နှာ

စကားချီး ၁

သာစည်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၂

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၂–၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၃–၄

(က) လူဦးရေဆိုင်အရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ၄–၆

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၇

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၈
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၇။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၉
(က) ဦးစားပေးစီမံချက်များ
(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား
ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား(၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား(၆) ဥစ္စာဓနအခြေအနေ
ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နှပ်စာ စားနိုင်သည့် အိမ်ထောင်စုများ
ဇယား(၈) ကူညီစောင့်လျှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား(၁၀)ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၁၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား(၁၂)ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား(၁၃)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၄)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၅)ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၆)အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၇)ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား(၁၈)သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၉)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၂၀)မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၁)မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း
ဇယား(၂၁)မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ
ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်လမ်း၊ ပြဿနာနှင့် အခက်အခဲ
ဇယား(၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား(၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်
အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄) လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ
ဇယား(၄၅) ဆက်သွယ်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂ မှ ၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ထိုအပြင်ကျေးရွာအုပ်စုအုပ်ချုပကိန် ကိန်းဂဏန်း၊ သတင်းအချက်အလက် ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျပါသည်။

ဇွန်လ၊ ၂၀၁၉ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သာစည်ကျေးရွာ
ကလေးမြို့နယ်

သာစည်ကျေးရွာသယ်ဇာတပြမြေပုံ



ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးရန် အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာ များ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရ သောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါ သည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှ တို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

သာစည်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၏တောင်ဘက် (၃)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်သူလယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ကြက်မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ သာစည်ကျေးရွာ၏ လယ်ယာမြေများမှာ မိုးရာသီတွင် စပါးစိုက်ပျိုးပြီး ဆောင်းရာသီတွင် ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ မြေပဲနှင့် အခြားဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်သော နှစ်သီးစား လယ်မြေများဖြစ်ပါသည်။ လယ်မြေများကို ဧးချောင်းရေမှ သွယ်ယူပြီး စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ဆည်ရေသောက်လယ်မြေများ မဟုတ်ပါ။ တစ်ဧက အထွက်နှုန်းတင်း(၆၅)မှ (၁၀၀)အထိ ထွက်ရှိသော လယ်မြေများဖြစ်ပါသည်။ လယ်မြေများသည် စပါး၊ မြေပဲ၊ နေကြာ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိက အားထားရာဖြစ်ပါသည်။

(ခ) **သဘာဝအရင်းအမြစ်များ**

သာစည်ကျေးရွာသည် သဘာဝထွက်သယံဇာတများ မထွက်ရှိဘဲ လယ်ယာမြေများကိုသာ နှစ်သီးစား အဓိကထား၍ လုပ်ကိုင်စားသောက်ကြသော ရွာကြီးတစ်ရွာဖြစ်ပါသည်။ အသားစားကြက်၊ ဥစားကြက်၊ မွေးမြူရေးကြက်များလည်းရှိပါသည်။ တစ်ပိုင်တစ်နိုင်မွေးမြူကြသူများလည်း အနည်းငယ် ရှိပါသည်။

၃။ **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) **လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၉၄၀)စုနှင့် ကျား(၁၆၁၉)ဦး၊ မ(၁၇၆၈)ဦး၊ လူဦးရေစုစုပေါင်း(၃၃၈၇)ဦး ရှိသော အုပ်စုကျေးရွာကြီးတစ်ရွာဖြစ်ပါသည်။ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်သော ဗုဒ္ဓဘာသာ ထွန်းကားသည့် ရွာတစ်ရွာလည်းဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ အရွယ်ရောက်ပြီး အလုပ်လုပ်ကိုင် နိုင်သူများမှာ တောင်သူများနှင့် တွဲဖက်၍ တောင်သူလယ်ယာစိုက်ပျိုးရေးအလုပ်များ၊ လယ်ယာ ထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းသီးနှံများ ရောင်းဝယ်ခြင်းနှင့် မွေးမြူရေးအလုပ်များ လုပ်ကိုင်ကြပါ သည်။ အမျိုးသား အမျိုးသမီးအားလုံး လုပ်ကိုင်နိုင်သည့် အလုပ်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို၍ အထောက်အကူ ဖြစ်စေနိုင်ပါသည်။

(ခ) **စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိက ဝင်ငွေလုပ်ငန်းများ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ စီးပွားရေးအခြေအနေမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ အများအားဖြင့် တောင်သူလုပ်ငန်းကို လုပ်ကိုင်ကြပြီး ကြက်မွေးမြူရေးလုပ်ငန်းလည်း လုပ်ကိုင်ကြပါသည်။ အချို့မှာ မြို့တွင်းသို့ ပန်းရံလုပ်ငန်း၊ လက်သမား၊ ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။

ကျေးရွာအတွင်းရှိ ပြည်သူများ နေထိုင်စားသောက်ရေးချောင်လည်စေရန် ကျေးရွာရှိ အသင်း အဖွဲ့များ၏ ရန်ပုံငွေများနှင့် မြို့နယ်သမဝါယမအသင်းမှ ထုတ်ချေးသော အသေးစားချေးငွေများ ထုတ်ချေး၍ သုံးစွဲကြပါသည်။ လယ်ယာလုပ်ကိုင်သော တောင်သူများမှာ လယ်ယာလုပ်ကိုင်ရန်အတွက် မိုးရာသီစိုက်ပျိုးစရိတ်နှင့် ဆောင်းရာသီစိုက်ပျိုးစရိတ်တို့ကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေး၍ သုံးစွဲကြပါသည်။ အရင်းအနှီးအားလုံးအတွက် မလုံလောက်နိုင်၍ ချေးငွေများ လိုအပ်နေပါသေးသည်။

(ဂ) **ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုနှင့်မြေယာမဲ့ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။၄င်းတို့သည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းကိုယ်ပိုင်မရှိသူများနှင့် စားနပ်ရိက္ခာဖူလုံမှုမရှိသော မိသားစုများဖြစ်ကြပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများမှာ ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြသော အိမ်ထောင်စုများရှိသလို ဆောက်လုပ်ရေးလုပ်ငန်း လက်လီလက်ကားရောင်းဝယ်ရေးနှင့် ဆန်ကြိတ်စက် လုပ်ငန်းများဖြင့် အသက်မွေးသူများလည်းရှိပါသည်။

ဝမ်းစာမဖူလုံမှုသည် အစားအစာများစုဆောင်းထားရှိနိုင်သည့်အခြေအနေမျိုး မဟုတ်သည်ကို ဆိုလိုခြင်းဖြစ်သည်။ ၄င်းအပြင် မိုးခေါင်ခြင်းကိုလည်း ရံဖန်ရံခါ ကြုံရတတ်ပါသည်။

(ဃ) **ကျန်းမာရေးနှင့် အဟာရ**

သာစည်(စံပြ)ကျေးရွာသူ/သားအများစု၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်သော အဆင်းရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိပြီး သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများ၊ ကလေးငယ်များနှင့် ရွာသူ/သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပြုလုပ်ပေးပါသည်။ လိုအပ်ပါက (၃)မိုင်ခန့် ဝေးသောကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ အခြားပုဂ္ဂလိကဆေးရုံဆေးခန်းများသို့လည်းကောင်း သွားရောက်၍ ဆေးကုသခံယူကြပါသည်။

ကျေးရွာတွင် သောက်သုံးရေများအတွက် လက်နှိပ်တုံကင်များ၊ ရေလျှံတွင်းများနှင့် ဘိလပ်ဂွေချတွင်းများမှရရှိသော သောက်သုံးရေများကို အသုံးပြုရသည့်အတွက် သန့်ရှင်းသော ရေများရရှိပါသည်။

အစားအစာများမှာလည်း မိမိတို့လယ်လာမှထွက်သော ကောက်ပဲသီးနှံများနှင့် ဆီထွက်သီးနှံမှ ရရှိသောပဲဆီသန့်၊ နေကြာဆီသန့်များကို များသောအားဖြင့် စားသုံးကြသည့်အတွက် ကျန်းမာရေးအတွက် အာဟာရကောင်းမွန်စေပါသည်။

(င) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

သာစည်ကျေးရွာတွင် အ.မ.က(စမ်းချောင်း)ကျောင်းနှင့် အ.ထ.က(ခွဲ) သာစည်ဟူ၍ ကျောင်း(၂)ကျောင်းရှိပါသည်။ အခြေခံအထက်တန်းကျောင်းခွဲအဆင့်ထိ ဖွင့်လှစ်နိုင်ပြီးဖြစ်သဖြင့် အထက်တန်းပညာအထိ မိမိရွာမှာပင် ပညာသင်ယူနိုင်ကြပါသည်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှသည် အခြေခံပညာအထက်တန်းကျောင်းအဆင့်ထိ အဆင့်တိုးမြှင့်ပေးနိုင်ပါရန်လည်း နိုင်ငံတော်သို့ လျှောက်ထားဆဲဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုများတွင် လူငယ်လူရွယ်များအတွက် သာမန်အားဖြင့် အားနည်းချက်ရှိသည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ အားနည်းနေသည်ဆိုရပါမည်။ သာစည် အ.ထ.က(ခွဲ)ကျောင်းဝင်းအတွင်းရှိ "အေးငြိမ်းဦး"စာကြည့်တိုက်မှလည်း သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် စာအုပ်စာပေများ ဖတ်ရှုနိုင်ရေးအတွက် ဆောင်ရွက်ပေးလျှက်ရှိပါသည်။

(စ) **ကျား၊မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထား ကောင်းမွန်တည်ငြိမ်ပါသည်။ ပြင်းထန်းသော အိမ်တွင်းအကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသား၊ အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ်များလည်း အခွင့်အရေးတူညီကြပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ပုဂ္ဂိုလ်မှကူညီရေးအဖွဲ့၊ အမျိုးသားလူငယ်အဖွဲ့၊ အမျိုးသမီးလူငယ်အဖွဲ့၊ အေးငြိမ်းဦး စာကြည့်တိုက် လူငယ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့နှင့် ဓမ္မစကူးလ်အဖွဲ့၊ မြို့နယ်မှ ဖွဲ့စည်းပေးသော အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဟူ၍ အသီးသီးရှိကြပါသည်။ ကျေးရွာတွင်း နာရေးကိစ္စများအတွက် ပုဂ္ဂိုလ်ဟာရီလူမှုကူညီရေးအဖွဲ့ပိုင် မော်တော်ယာဉ်များဖြင့် အသုံးပြု၍ သော်လည်းကောင်း၊ အသုဘသင်္ဂြိုလ်ခြင်းအတွက် အလှူရှင်တစ်ဦးမှ မတည်၍ ရွာတွင်းအလှူငွေများ ပေါင်းစပ်၍ ဆောက်လုပ်ထားသော သင်္ဂြိုလ်မီးဖို(မီးသွေးသုံး)တို့ အသုံးပြု၍ ကူညီပြုလုပ်ပေးပါသည်။

ကျေးရွာလူထုနေထိုင်စားသောက်ရေးချောင်လည်စေရန် သမဝါယမငွေစုငွေချေးအသင်းနှင့် စိုက်ဘဏ်မှ စိုက်ပျိုးစရိတ်၊ အာရုဏ်ဦးအသင်း၊ အေးငြိမ်းဦး စာကြည့်တိုက်ရန်ပုံငွေနှင့် လူမှုကူညီရေးအသင်းမှ ငွေကြေးပမာဏအနည်းငယ်ကိုသာ ထုတ်ချေးသုံးစွဲကြပါသည်။

မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးကို ၂၀၁၇ခုနှစ်မှစ၍ မီးလင်းရေးကော်မတီများဖွဲ့စည်းကာ ကိုယ့်အားကိုယ်ကိုးစနစ်ရန်ပုံငွေကောက်ခံပြီး မှန်ကန်သော ဦးဆောင်မှုဖြင့် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ကျေးရွာရှိလူမှုရေးအဖွဲ့အစည်းတစ်ခုနှင့် တစ်ခုအကြား ပြေလည်စွာ ချိတ်ဆက်ဆောင်ရွက်လျှက်ရှိကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။ အေးငြိမ်းဦး စာကြည့်တိုက်မှ အခါအားလျော်စွာ သင်တန်းများပေးခြင်း၊ တွေ့ဆုံပွဲများ ပြုလုပ်ပေးနိုင်ခြင်းများလည်း ဆောင်ရွက်လျှက်ရှိပါသည်။

(ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေး ကဏ္ဍ

ကျေးရွာနေပြည်သူများသည် တောင်သူလယ်ယာအလုပ်ကို အဓိကထားလုပ်ကိုင်ကြ၍ မိုးစပါး တစ်ဧကအထွက်နှုန်း တင်း(၆၅)တင်းမှ (၈၀-၁၀၀)အထိ ထွက်ရှိကြပြီး မြေပဲတစ်ဧက တင်း(၇၀)မှ တင်း(၁၀၀)၊ နေကြာတစ်ဧက တင်း(၂၀)မှ တင်း(၃၀)အထိ ထွက်ရှိကြပါသည်။ သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ပါက မြို့နယ်စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်၍လည်းကောင်း၊ မြို့နယ်ရှိ မြန်မာ့သြဘာ၊ ဝိဟာရအစရှိသော ပုဂ္ဂလိကကုမ္ပဏီကိုယ်စားလှယ်များနှင့် ချိတ်ဆက်၍လည်းကောင်း လိုအပ်သလိုပူးပေါင်း၍ နှိမ်းနင်းကြပါသည်။

ထွန်ယက်ရေးအတွက် ကျေးရွာတွင် ထွန်စက်အပိုင်မရှိသေးသော တောင်သူများအနေဖြင့် ထယ်တစ်ဧက(၂၀၀၀၀)ကျပ်ဝန်းကျင်နှင့် ထွက်တစ်ဧက(၁၂၀၀၀)ကျပ်တို့ပေးကာ ပုဂ္ဂလိကပိုင် ထွန်စက်များကိုသာ ငှားရမ်းထွန်ယက်ရပါသည်။ ထို့ကြောင့် ထွန်စက်ငှားရမ်းခစျေးနှုန်းသက်သာစွာဖြင့် ငှားရမ်းရရှိနိုင်ရေးကို လိုလားလျှက်ရှိနေကြပါသည်။

ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းများအများအပြားမရှိဘဲ(၁၀)ဦးခန့်သာ ကြက်နှင့်တွဲဘက်၍ မွေးမြူကြပါသည်။ ကြက်မွေးမြူရေး ခြံများစွာရှိပါသည်။ ဝက်မွေးမြူရေးတွင် ဒေသဝက်မျိုးများကို တစ်အိမ်လျှင် (၁)ကောင်(၂)ကောင်ခန့်ခန့်သာ မွေးမြူကြပါသည်။ ဒေသကြက်မျိုးများကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်လျှက်ရှိပါသည်။ တိရစ္ဆာန်ရောဂါ ကျရောက်မှုမရှိအောင် အထူးဂရုစိုက်ကြပါသည်။

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ဆီကြိတ်စက်(၃)လုံးနှင့် ဆန်ကြိတ်စက်(၄)လုံးနေ့စားအလုပ်များ၊ သဲကျောက် သယ်ယူရေးလုပ်ငန်းများ၊ ဈေးရောင်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်းများ၊ ဆံသဆိုင်ဖွင့်ခြင်း၊ အလှပြင်ဆိုင်ဖွင့်ခြင်း၊ စက်ချုပ်ဆိုင်ဖွင့်ခြင်းလုပ်ငန်းများဖြစ်ပါသည်။ လုပ်ငန်းအများစုမှာ နေထိုင်စားသောက်ရေးအတွက် အဆင်ပြေမှုများ အသင့်အတင့်ရှိပါသည်။ အချို့အလုပ်သမားများမှာ ကလေးမြို့သို့ ပန်းရံ၊ လက်သမား သွားရောက်လုပ်ကိုင်သူများ ရှိပါသည်။

ကျေးရွာရှိ လယ်ယာလုပ်ငန်းများတွင် နေ့စား၁(၅၀၀၀)ကျပ်မှ (၆၀၀၀)အထိ တစ်ဧက ကောက်စိုက်ခ(၃၅၀၀၀)ကျပ် ဝန်းကျင်နှင့် စပါးရိတ်သိမ်းခ (၃၅၀၀၀)ကျပ်မှ (၅၀၀၀၀)ကျပ်အထိ ရှိကြပါသည်။ အခြားသော လုပ်ငန်းများတွင် အလုပ်သမားရှားပါးမှုများ ရှိနေပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် လယ်ယာစိုက်ပျိုး ပိုးသတ်ဆေးသုံးစွဲခြင်း၊ ဓါတ်မြေဩဇာသုံးစွဲခြင်းများမှာ တောင်သူများအနေဖြင့် ဓါတုဆေးများကိုသာ သုံးစွဲမှုများကြသည်။ အိမ်အသုံးအဆောင်ပစ္စည်းများ အများကိုသာ သုံးစွဲမှုများကြသည်။ အိမ်အသုံးအဆောင်ပစ္စည်းများအတွက် ကြွပ်ကြွပ်အိတ်နှင့် ပလတ်စတစ်ဗူးခွံများ စနစ်ကျသုံးစွဲရေး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ပေးသင့်ပါသည်။

ကျေးရွာတွင် ရေကြီးရေလျှံခြင်း အန္တရာယ်မှ ကင်းဝေးသော်လည်း လယ်ယာလုပ်ငန်းခွင် ရေကြီးနစ်မြုပ်ဆုံးရှုံးမှုများရှိပါသည်။ မုန်တိုင်းများ ရံဖန်ရံခါမှသာ ဝင်ရောက်မှုရှိပါသည်။

မြေအောက် သယံဇာတပစ္စည်းများ ထွက်ရှိခြင်း မရှိပါ။

(ဂ) **ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

တောင်သူများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကကျပ် တစ်သိန်းခွဲ နှုန်းဖြင့် အများဆုံး(၁၀)ဧက အထိသာ ထုတ်ချေးအသုံးပြုနိုင်ကြပါသည်။ သမဝါယမချေးငွေများကိုလည်း အဖွဲ့ဝင် ဖွဲ့စည်းထားပြီး မြို့နယ်သမဝါယမအသင်းစုချုပ်မှ ထုတ်ချေးသုံးစွဲကြပါသည်။

(စ) **ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း(ခွဲ)အထိ ဖွင့်လှစ် သင်ကြားနေသော်လည်း အထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းကျောင်းအထိ အဆင့်မြှင့်ဖွင့်လှစ် ပေးရေးကိုရွာသူ/သားများမှ လိုလားမျှော်လင့်လျက်ရှိပါသည်။ ကျောင်းဆောင်များမှာ ကိုယ့်အားကိုယ် ကိုးနှစ်ထပ်ကျောင်းဆောင် (၂)ဆောင်၊ တစ်ထပ်ကျောင်းဆောင် (၂)ဆောင်နှင့် နိုင်ငံတော်ဘဏ္ဍာမှ ဆောက်လုပ်ပေးသောတစ်ထပ်ကျောင်းဆောင်သစ် (၁)ဆောင် လက်ရှိပညာသင်ကြားနေပါသည်။ စာသင် ကျောင်းဝင်းအတွင်းအခမ်းအနားများနှင့် ကျေးရွာအတွက် အသုံးပြုရန်အတွက် ဟောခန်းတည် ဆောက်ရန် လိုအပ်လျက်ရှိရာ နိုင်ငံတော်မှ ပံ့ပိုးပေးနိုင်မှုများကို မျှော်လင့်လျက်ရှိပါသည်။ မူလတန်းမှ အထက်တန်းအထိ ဆရာ/ဆရာမ လစ်လပ်နေရာများရှိနေကြောင်း သိရှိရပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနဝန်ထမ်းများမှ ဆောင်ရွက်ပေးပြီး မီးဖွားခြင်းနှင့် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုများအတွက်လည်း သားဖွားဆရာမနှင့် ကျန်း မာရေးဌာနဝန်ထမ်းများမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ လိုအပ်ပါက မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးသို့ ချိတ်ဆက်၍ သွားရောက်ကုသခံယူနိုင်ကြပါသည်။

(ဆ) **လူငယ်နှင့် ယဉ်ကျေးမှု**

ယဉ်ကျေးလိမ္မာသော လူငယ်လူရွယ်များပေါ်ထွက်လာစေရေးအတွက် စမ္မစကူးလ်ဖောင်ဒေးရှင်း မှ တနင်္ဂနွေနေ့တိုင်းဗုဒ္ဓရေးရာစာပေများကို သက်ကြားပို့ချလျက်ရှိပါသည်။ ဘာသာရေးပွဲတော်များနှင့် အလှူပွဲများတွင် ခေတ်ပေါ်တေးသီချင်းများ သီဆိုတင်ဆက်ကြပြီး ကျောင်းသားပွဲတော်များတွင် မြန်မာ့ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပါသည်။

(ဇ) **အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး**

၂၀၁၉ ခုနှစ်၊ ဧပြီလမှစတင်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားဆောင်ရွက်ပေးသော ကလေး–ဂန့်ဂေါကားလမ်းမှ သာစည်ရွာတွင်းဖြတ်ကျောက်ခင်းလမ်းအရှည်(၁.၅)မိုင်အား ကျေးရွာနေ ပြည်သူလူထုပူးပေါင်းမှုဖြင့် ကတ္တရာလမ်းအဖြစ်တစ်ပါးတည်း အဆင့်မြှင့်တင်ခင်းကျင်းနိုင်ရေး ဆောင် ရွက်လျက်ရှိပါသည်။

လျှပ်စစ်မီးရရှိရေးအတွက် (၂၀၁၇)ခုနှစ်မှစ၍ ကျေးရွာမီးလင်းရေးကော်မတီမှ ကောင်းမွန်သော ဦးဆောင်မှုဖြင့် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ဆက်သွယ်ရေးအတွက် မိုဘိုင်းဖုန်းများဖြင့် ဆက်သွယ်၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် အသုံးပြုကြပါသည်။

အင်တာနက်လိုင်းများ အသင့်အတင့်ကောင်းမွန်ပြီး ကမ္ဘာအရပ်ရပ်ရှိ သတင်းအချက်အလက် များကို ချိတ်ဆက်၍ အသုံးပြုနိုင်သည်။ ကျေးရွာတွင် အေးငြိမ်းဦး စာကြည့်တိုက်မှ စာဖတ်ဝါသနာပါသူ များအတွက် ဗဟုသုတများ ဖြန့်ဝေပေးလျက်ရှိနေပါသည်။

(ဈ) **တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိသဖြင့် ကုန်စည် ကူးသန်းရောင်းဝယ်ဖောက်ကားသွားလာမှုများ အဆင်ပြေချောမွေ့သဖြင့် ကုန်စည်ကူးသန်းရောင်းဝယ် ဖောက်ကားသွားလာမှုများ အဆင်ပြေချောမွေ့စေပါသည်။မြို့နှင့် အလှမ်းမဝေးသော ရွာကြီးတစ်ရွာဖြစ် သည့်အတွက် ပြည်သူ့လုံခြုံမှုဘဝများကောင်းမွန်ပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုနည်းပါး သောကြောင့် ဘေးအန္တရာယ်ကျရောက်မှုနည်းပါးသောကြောင့် ဘေးအန္တရာယ်လျော့ပါးအစီအစဉ်သီးသန့် ရေးဆွဲထားခြင်း မရှိသေးပါ။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

သာစည်ကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်ဒေသတွင် တည်ရှိပြီးကလေးမြို့နှင့် (၃)မိုင် သာကွာဝေးသည့်အတွက် မြို့နှင့်ရောင်းဝယ်ဖောက်ကားမှုကမ်းလှမ်းမှီသော ရွာတစ်ရွာဖြစ်ပါသည်။ တစ်နှစ်ပတ်လုံးမြို့နှင့်နေ့ညမရွေးသွားလာနိုင်ပါသည်။

ကျေးရွာရှိကောက်ပဲသီးနှံကုန်စိမ်း၊ သားငါး အစရှိသည်တို့ကို ကလေးမြို့ပေါ်စျေးများသို့ သွားရောက်ရောင်းချနိုင်ပြီး လိုအပ်ပစ္စည်းများကိုလည်း ဝယ်ယူအသုံးပြုရန် မြို့စျေးနှင့် နီးပါသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးလုံလောက်စွာရရှိလာပါက ထင်းလောင်စာများသက်သာကာ လျှပ်စစ်မီးဖိုများဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသားများတွက် မီးကြေးကုန်ကျစရိတ်သက်သာခြင်း၊ ကွန်ပျူတာအစရှိသည်များအသုံးပြုနိုင်ခြင်း၊ သုတရသ သတင်းအစုံအလင်အား တီဗွီမှ အချိန်ပြည့်ကြည့်ရှုနိုင်ခြင်း၊ လျှပ်စစ်ဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းစသည့် လူနေမှုအဆင့်အတန်း မြင့်မားလာပြီး စီးပွားရေးလည်း ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ်စေပါသည်။

ကျေးရွာသူ/ရွာသားအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်စားသောက်ကြပါသည်။ ဘွဲ့ရလူငယ်များပေါသော်လည်း အချို့မှာ မိမိတို့ မိဘပိုင် လယ်ယာများတွင် လုပ်ကိုင်ကြပြီး အချို့မှာအစိုးရဌာနများနှင့် ပုဂ္ဂလိကဌာန၊ကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်လျှက်ရှိကြပါသည်။

လယ်ယာစိုက်ပျိုးရေးအနေဖြင့် စံပြစိုက်ကွက်များမရှိသော်လည်း မိမိတို့လက်လှမ်းမီသလောက် လေ့လာသုံးသပ်၍ စိုက်ပျိုးရေးဌာနဝန်ထမ်းများ အခြားစိုက်ပျိုးရေး ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများနှင့် ချိတ်ဆက်၍ လယ်ယာလုပ်ငန်းများတွင် အထွက်နှုန်းကောင်းမွန်စေပါသည်။

လယ်ယာမြေများမှာ မြေဆီလွှာနည်းသော မြေများမှအပ ကျန်မြေများတွင် ဓါတ်မြေဩဇာအသုံး ပြုရုံဖြင့် အထွက်နှုန်းကောင်းမွန်စေပါသည်။

ကျေးရွာတွင် တည်ငြိမ်အေးချမ်းမှုကြောင့် ရွာနေပြည်သူများ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စားဝတ်နေရေး၊ ကုန်စည်စီးဆင်းမှုများ ချောမွေ့စေပါသည်။

လူမှုကူညီရေးကိစ္စများအတွက် ပုညဝိဟာရီလူမှုရေးအသင်း (သာစည်ရွာ)မှ ကျန်းမာရေးနှင့် အခြားကိစ္စများတွင်လည်း ပါဝင်ကူညီဆောင်ရွက်နေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ မိမိတို့ကျေးရွာတွင်းသော်လည်း၊ မြို့ပေါ်သို့ ချိတ်ဆက်၍ သော်လည်းကောင်း သွားရောက်လုပ်ကိုင်ကြပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုဖြစ်ပွားချိန်တွင် သာစည်ရွာပေါ်သို့ ရေလွှမ်းမိုးခြင်း မရှိသော်လည်း လယ်မြေများရေလွှမ်းမိုးခြင်း ခံရသဖြင့် လယ်မြေများမညီညာမှု၊ ရေသွင်းမြောင်းများ ပျက်စီးမှုစသော အဟန့်အတားစိန်ခေါ်မှုများရှိနေပါသေးသည်။ သို့ပါ၍ လယ်ယာမြေများပြုပြင်ရန် ရေမြောင်းများ ပြင်ဆင်ရန် နိုင်ငံတော်၏ အကူအညီများ လိုအပ်ပါသည်။

ပညာရေးနှင့်ပတ်သက်၍ တင်ပြရပါလျှင် အခြေခံပညာအထက်တန်းကျောင်းခွဲမှ အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ရေးကို လိုလားလျှက်ရှိပါသည်။ ဘွဲ့ရအဆင့်မြင့်ပညာများကို ကလေးမြို့နည်းပညာတက္ကသိုလ်နှင့် ကလေးကွန်ပျူတာတက္ကသိုလ်၊ ကလေးတက္ကသိုလ်သို့ သွားရောက်ပညာသင်ယူကြပါသည်။ စစ်ကိုင်းအစရှိသော ပညာရေးတက္ကသိုလ် များတွင်လည်း သွားရောက်ပညာသင်ယူသူများလည်း ရှိပါသည်။

၆။ **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ**

(က) **ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအသင်းအဖွဲ့များ ဖွဲ့စည်းကာကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတစ်ဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရမည်။

(၂) ကျေးရွာလျှပ်စစ်မီး မဟာဓါတ်အားလိုင်းမှ ရရှိအောင် ဆောင်ရွက်မည်။

(၃) ကျေးရွာချင်းဆက်လမ်းများအား ကျောက်ခဲသဲခင်းလမ်းမှတစ်ဆင့် ကတ္တရာ၊ ကွန်ကရစ်လမ်းများအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကြိုးစားမည်။

(၄) အခြေခံပညာအထက်တန်းကျောင်းခွဲမှ အခြေခံပညာအထက်တန်းကျောင်းသို့ အဆင့်တိုးမြှင့်စေရမည်။

(၅) ကျေးရွာခန်းမတည်ဆောင်နိုင်ရန်နှင့် စာသင်ကျောင်းအုတ်တံတိုင်းကာရန်နိုင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ **အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန်အောက်ပါ အကောင် အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ကက) ကျေးရွာစိုက်ပျိုးရေးတိုးတက်စေရန် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေး နည်းပညာများအသုံးချနိုင်မှုရရှိနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ရေးအတွက် အသေးစားချေးငွေ ငွေကြေးလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။

(ခခ) ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာမှ လူထုထည့်ဝင်ရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့နှင့် ဆက်လက်တိုင်ပင်ညှိနှိုင်းအကောင်အထည်ဖော်သွားမည်။

(ဂဂ) ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေးအတွက် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းအဆင့်တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် ဆက်လက်တိုင်ပင်ညှိနှိုင်းအကောင်အထည်ဖော်သွားမည်။

(ဃဃ) အခြေခံပညာ အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်နိုင်ရန် အချိန်နှင့်တပြေးညီ နိုင်ငံတော်၏ မူဝါဒအတိုင်း ဆောင်ရွက်မည်။

(ငင) ကျေးရွာခန်းမတည်ဆောက်ရန် အကောင်အထည်ဖော်ဆောင်ရွက်မည်။

၇။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(ကက) ရွာလယ်သံကူကွန်ကရစ်တံတား ဆောက်လုပ်ခြင်း

(ခခ) အ.ထ.ကခွဲကျောင်းဝင်းအတွင်း ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း

(ဂဂ) ရွာအရှေ့ဘက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း

(ဃဃ) မီးသတ်ယာဉ်ဝယ်ယူခြင်း

(ငင) ရွာလမ်းမကြီးအဆင့်မြှင့်တင်ခြင်း

(စစ) မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း

(ဆဆ) သာစည်ရွာ အ.ထ.က (ခွဲ)ကျောင်း၏ အုတ်တံတိုင်းတိုးချဲ့ကာရံခြင်း

(ဇဇ) အမှိုက်သိမ်းယာဉ်ဝယ်ယူခြင်း

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံချက်	အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁။ ရွာလယ်သံကူကွန်ကရစ်တံတားဆောက်လုပ်ခြင်း	၁	✓				
၂။အ.ထ.ကခွဲကျောင်းဝင်းအတွင်းကျေးရွာခန်းမ ဆောင်ဆောက်လုပ်ခြင်း	၂		✓			
၃။ ရွာအရှေ့ဘက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၃			✓		
၄။ မီးသတ်ယာဉ်ဝယ်ယူခြင်း	၄				✓	
၅။ ရွာလမ်းမကြီးအဆင့်မြှင့်တင်ခြင်း	၅					✓

သာစည်ကျေးရွာအုပ်စု၊ သာစည်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇော်လင်းအောင်	ဦးအေးလှိုင်	၅/ကလထ(နိုင်)၁၀၂၇၉၉	၅၁	ဥက္ကဋ္ဌ	၀၉-၄၂၇၀၇၈၁၉၈
၂	ဦးအောင်ကြည်မြိုင်	ဦးလေးမောင်	၅/ကလထ(နိုင်)၁၃၀၂၆၀	၄၁	အတွင်းရေးမှူး	၀၉-၄၅၀၇၇၀၉၉၅
၃	ဦးသန်းဇော်ဦး	ဦးကျော်ဝင်း	၅/ကလထ(နိုင်)၁၂၄၃၃၉၅	၄၆	စာရင်းကိုင်	၀၉-၄၀၀၅၂၂၂၃
၄	ဦးတင်မြင့်	ဦးအောင်ထူး	၅/ကလထ(နိုင်)၁၅၇၁၈၁	၆၁	ဘဏ္ဍာရေးမှူး	၀၉-၇၈၅၇၂၂၃၉၆
၅	ဦးမင်းသန့်စိုး	ဦးမြင့်စိုး	၅/ကလထ(နိုင်)၂၆၇၈၃၄	၁၉	သော့ကိုင်(၁)	၀၉-၉၅၉၃၃၅၂၆၂
၆	ဦးသိန်းနိုင်	ဦးကျော်ဖေ	၅/ကလထ(နိုင်)၁၀၂၆၃၅	၅၀	သော့ကိုင်(၂)	၀၉-၂၆၅၈၀၉၇၅၀
၇	ဦးခင်မောင်တင့်	ဦးအောင်ထူး	၅/ကလထ(နိုင်)၁၀၃၀၁၆	၅၂	အဖွဲ့ဝင်	၀၉-၂၆၅၈၀၉၇၅၀
၈	ဦးကျော်ခင်	ဦးဘစော	၅/ကလထ(နိုင်)၁၀၂၃၉၃	၅၅	အဖွဲ့ဝင်	၀၉-၄၄၄၁၉၈၇၆
၉	ဦးဝင်းဦး	ဦးဘညို	၅/ကလထ(နိုင်)၁၀၂၂၄၀	၅၃	အဖွဲ့ဝင်	၀၉-၄၅၂၀၅၅၃၃၉
၁၀	ဦးဝင်းချို	ဦးသာရင်	၅/ကလထ(နိုင်)၁၇၁၈၁၁	၄၄	အဖွဲ့ဝင်	၀၉-၄၅၂၅၁၂၄၆၄
၁၁	ဦးထွန်းမိုး	ဦးထူးအောင်	၅/ကလထ(နိုင်)၁၃၁၄၆၂	၄၄	အဖွဲ့ဝင်	၀၉-၄၅၂၅၁၂၄၆၄
၁၂	ဒေါ်ဇာဇော်မောင်	ဦးစံမောင်	၅/ကလထ(နိုင်)၁၅၈၆၃၇	၃၅	အဖွဲ့ဝင်	၀၉-၄၀၀၅၃၃၉၉၆၆
၁၃	ဒေါ်မေစန်းထွေး	ဦးချစ်တင်	၅/ကလထ(နိုင်)၁၄၇၂၂၁	၃၅	အဖွဲ့ဝင်	၀၉-၂၅၉၉၂၉၄၆၅

သာစည်ကျေးရွာ၊ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား(ဖွံ့ဖြိုးရေးကွင်းဆက်)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	စီမံချက်
၁	ရွာတွင်းလမ်း ဆက်သွယ်ရေး ခက်ခဲခြင်း	ရွာလယ်တွင် တံတားဆောက်လုပ်ရန် လိုအပ်ခြင်း	ကျေးရွာမှ လိုအပ်သည်များ ကူညီရန် အဆင်သင့်ရှိခြင်း	နည်းပညာနှင့် ဦးဆောင်မှု လိုအပ်ခြင်း ရန်ပုံငွေအားနည်းခြင်း	ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း ကာလိုအပ်သည်များပူးပေါင်း၍အ ကောင်အထည်ဖော်ဆောင်ရွက်ခြင်း	ရွာလယ်သံကူကွန်ကရစ်တံတား ဆောက်လုပ်ခြင်း
၂	ကျေးရွာတွင် အစည်းအဝေးများ ပြုလုပ်ရန် ခက်ခဲခြင်း	ကျေးရွာခန်းမ ဆောင် မရှိခြင်း	ကျေးရွာမှ စည်းလုံးမှု အားကောင်းပြီး လိုအပ်သည် များ ပံ့ပိုးဆောင်ရွက်နိုင်ခြင်း	ဦးဆောင်မည့်သူနှင့် နည်းပညာအားနည်း ခြင်း	ရွာတွင်းစည်းရုံးရေးများ ဆောင်ရွက်၍ ရန်ပုံငွေများပူးပေါင်းကာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ခြင်း	အ.ထ.ကခွဲကျောင်းဝင်းအတွင်း ကျေးရွာခန်းမဆောင်ဆောက်လုပ် ခြင်း
၃	ကုန်စည်စီးဆင်းမှု အဆင့်မြှင့်တင်ရန် လိုအပ်ခြင်း	ကုန်ထုတ်လမ်း ဖောက်လုပ်ရန် လိုအပ်ခြင်း	ကျေးရွာမှ ကုန်ထုတ်လမ်း ဆောင်ရွက်ရန် စိတ်အား ထက်သန်မှု ရှိခြင်း	နည်းပညာနှင့် ရန်ပုံငွေ အားနည်းခြင်း	ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ လိုအပ်သည်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်ခြင်း	ရွာအရှေ့ဘက်ကုန်ထုတ်လမ်းဖောက် လုပ်ခြင်း
၄	မီးဘေးလုံခြုံရေးအ တွက် စိုးရိမ်မှုရှိခြင်း	ကျေးရွာပိုင် မီး သတ်ယာဉ် မရှိခြင်း	ကျေးရွာမှ ရန်ပုံငွေ များထည့်ဝင်၍ မီးသတ် ယာဉ်ဝယ်ယူလိုစိတ် ရှိခြင်း	ရန်ပုံငွေအားနည်းခြင်း	ကျေးရွာမှ ရန်ပုံငွေများ ရရှိအောင် စုဆောင်း၍ စာရင်းဇယားမှတ်တမ်း များထားရှိ၍ မီးသတ်ယာဉ် ဝယ်ယူခြင်း	မီးသတ်ယာဉ်ဝယ်ယူခြင်း
၅	ရွာတွင်းလမ်းပန်း ဆက်သွယ်ရေး ခက်ခဲခြင်း	ရွာလမ်းမကြီးမှာ ကျောက်ကြမ်းလမ်း ဖြစ်ခြင်း	ကျေးရွာလူထု စည်းလုံးမှု ရှိခြင်း၊ ပူးပေါင်းဆောင်ရွက် လိုစိတ်ရှိခြင်း	ဦးဆောင်မည့်သူမရှိခြင်း ၊ရန်ပုံငွေ အားနည်းခြင်း	ကျေးရွာလူထု အစည်းအဝေးများ ပြုလုပ်၍ ရန်ပုံငွေစုဆောင်းခြင်း လုပ်အားများ ပါဝင်စေခြင်းဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်ခြင်း	ရွာလမ်းမကြီးအဆင့်မြှင့်တင်ခြင်း
၆	ပညာသင်ကြားရာတွင် ကလေးငယ်များ နေရာခက်ခဲခြင်း	မူကြိုကျောင်းဆောင်ရှိခြင်း	ကျေးရွာမှ ပညာရေးစိတ်ပါဝင်စားမှုရှိခြင်း၊ပညာရေး အားပေးခြင်း	နည်းပညာအားနည်း ခြင်း၊ရန်ပုံငွေ အားနည်းခြင်း	ပညာရေးဌာနနှင့် တိုင်ပင်ကာ လိုအပ်သည်များ ဆောင်ရွက်ခြင်း၊ ရန်ပုံငွေများ စုဆောင်းခြင်း	မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း

၇	ကျောင်းဝန်းလုံခြုံမှု အားနည်းခြင်း	ကျောင်းခြံစည်းရိုး၊ အုတ်တံတိုင်း မလုံခြုံခြင်း	ကျေးရွာမှ လုပ်အား ပေါများခြင်း၊ စည်းလုံးမှု ရှိခြင်း	ရန်ပုံငွေ အားနည်းခြင်း	ကျေးရွာလူထုလုပ်အားများများ ထည့်၍ အလှူရှင်များ ရှာဖွေကာ ကျောင်းခြံစည်းရိုး အုတ်တံတိုင်း အား တိုးချဲ့ကာရံခြင်း	သာစည်ရွာ အ.ထ.က (ခွဲ)ကျောင်း၏ အုတ်တံတိုင်းတိုးချဲ့ကာရံခြင်း
၈	ကျေးရွာသန့်ရှင်းရေး ကဏ္ဍ အားနည်းခြင်း	ကျေးရွာပိုင် အမှိုက် သိမ်းယာဉ် မရှိခြင်း	ကျေးရွာလူငယ်များမှ အမှိုက်ကင်းစင်ရေး တာဝန် ယူဆောင်ရွက်လိုခြင်း	ရန်ပုံငွေအားနည်းခြင်း	ကျေးရွာမှ အချိန်ယူ၍ ရန်ပုံငွေစု ဆောင်းရှာဖွေမှုများ ပြုလုပ်ကာ အမှိုက်သိမ်းယာဉ်ဝယ်ယူခြင်း	အမှိုက်သိမ်းယာဉ်ဝယ်ယူခြင်း

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၈	၃၂	၆၀
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၈၁	၉၂	၁၇၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၁၁	၁၁၀	၂၂၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁၉	၁၃၀	၂၄၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၀၀	၁၂၉၂	၂၄၉၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၈၀	၁၁၂	၁၉၂
စုစုပေါင်း		၁၆၁၉	၁၇၆၈	၃၃၈၇
စုစုပေါင်း အိမ်ထောင်စု				၉၄၀

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ သက်ကြီးရွယ်အိုများရှိသော်လည်း မိသားစုနှင့်အတူနေထိုင်ကြပါသည်။ အလုပ်လုပ်ကိုင်နေသည့် လူဦးရေများရေများပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၉၆	၅၂၇	၄	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆၅	၇၈	၄	မြင့် ☐ လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၃	၅၈	၂	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၅	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၆	၅၀	၁၁	မြင့် ☐ လတ် ☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၄	၁	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၅	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၁၅၂	၁၆၈	၆၃	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၉	၁၀	၁၄	မြင့် ☐ လတ် ☑ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၃	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၄	၆	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၄	၁၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၉၉	၃၀၈	၁၂	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၂	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးကိုအဓိကထားတစ်ခုတည်းလုပ်ကိုင်ကြသူများ မဟုတ်ဘဲ မွေးမြူရေးပါတွဲဖက်လုပ်ကိုင်ကြသည်။ မွေးမြူရေးတွင် စီးပွားဖြစ်မွေးမြူသော အိမ်ထောင်စုများနှင့် တစ်နိုင်တစ်ပိုင်

မွေးမြူကြသူများလည်းရှိသည်။ ထုတ်ကုန်လုပ်ငန်းတွင် အိမ်ထောင်စု နည်းပါး ကြသည်မှာ ကျောက်ခွဲစက်၊ယက္ကန်းစင်၊တိုင်းရင်းဆေးဝါးထုတ်လုပ်သူများပါဝင်သည်။ ဆိုင်ကယ် ပြင်သူ၊စက်မှုအနည်းငယ်တတ်မြောက်သူ အနည်းငယ်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၃၅၀၀	၃၀၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၃၀၀၀	၂၀၀၀	၂၀၀၀	၂၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၄၅၀၀	၄၀၀၀	၃၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၃၀၀၀	၂၅၀၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျွမ်းကျင်ပညာရှင်များတွင် ရပ်ရွာအခြေအနေအရကိုယ်ပိုင်ဖွင့်ထားသော အိမ်ထောင်စုများသာရှိခြင်းကြောင့် နေ့စားဝင်ငွေများကို မသိရှိနိုင်ပါ။ ဆောက်လုပ်ရေးလုပ်ငန်း များ၏ လုပ်အားခနှုန်းထားမှာ လယ်ယာစိုက်ပျိုးရေးလုပ်အားခနှုန်းထက် အနည်းငယ်များပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၉၇၀.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၈၅.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၄.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၉၆၃.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၆၂.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
စုစုပေါင်း	၃၀၉၄	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာမြေများတွင် ရွာတွင်းသာမက ရွာနှင့်အလှမ်းဝေးသော နေရာများတွင် ရှိသည်။အချို့အိမ်ထောင်စုများတွင် ကိုင်း၊ကျွန်းတောများ ရေတိုက်စားမှုကြောင့် ပျက်စီးမှုများလည်းရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခ က် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သံယံဇာတများမထွက်ပါ။ ကျောက်၊သဲ၊ကျောက်စရစ်များကို ရွာအနီးအနား ဇင်းကလင်းချောင်းတွင် သယ်ယူရရှိ နိုင်သည်။ ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်းမရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
လုပ်ငန်း	အလွန်ကောင်း	အသင့်အတင့်	နည်း	အလွန်နည်း
အိမ်ထောင်စု	၅၂	၄၇၀	၂၆၁	၁၅၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အဆင်ပြေသောအိမ်ထောင်စုများသည် တောင်သူလုပ်ငန်းများသာမက အခြားလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ မပြေလည်သောအိမ်ထောင်စုများတွင် လယ်ယာများ ပိုင်ဆိုင်သော်လည်း စိုက်ပျိုးမရသောမြေများများနေသောကြောင့်မပြေလည်ကြပါ။

(၄) ထိခိုက်လွယ်မှု

(၄-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁၀	၂၃	၃၃
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၈
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၃
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ရှိသော်လည်း ကျေးရွာတွင်းမှ အိမ်နီးချင်းများ၊ဆွေမျိုးများမှ ကူညီစောင့်ရှောက်ကြပါသည်။ဆင်းရဲသော မိသားစုဦးရေများသည့် မုဆိုးဖို၊တစ်ခုလပ်၊အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ရေကြီးခြင်း၊မုန်တိုင်း၊မီးဘေး၊ငလျင်သဘာဝဘေး အန္တရာယ်များ ကျရောက်မှုများတွင် ထိခိုက်လွယ်မှု နည်းပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		☑ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ မြစ်ကမ်းဘေးနေထိုင်သူများ၊နေရပ်ပြန်အခြေချသူများမရှိ၍ ထိခိုက် လွယ်မှုမရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အေးငြိမ်းချမ်းဦးလူငယ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၂၆	၄၁	၆၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ပုညဝီဟာရီနာရေးအသင်း	၁ ☐ ၂ ☑ ၃ ☐	၂၀	၁	၂၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	မီးသတ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ဓမ္မစကူးလ်	၁ ☑ ၂ ☐ ၃ ☐	၂၀	၅၁	၇၁	ပညာရေး ☐ ငွကေြး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူရြေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခုံရြေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ဓမ္မစကူးလ်အဖွဲ့မှာ ဘာသာရေးလုပ်ငန်းများအပြင် ချေးငွေများပါ ထုတ်ချေးပေးသည်။ လူထုအခြေပြုအဖွဲ့အစည်းများ ရှိသောကြောင့်ဘာသာရေး၊ သာရေး၊နာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	အာရုံဦး	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး ၊ လူမှုဖွံ့ဖြိုးရေး ☐
၂	Unicef	၁ ☐ ၂ ☐ ၃ ☐ ၄ ☑ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

